ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (24-4-2008) (၅၆၅၇)

ဂါရဝေါစ တော် မင်္ဂလ မုတ္တမံ
ရိုသေအပ်သော သူတို့ကို ရိုသေရခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အစည်းအဝေး(၇/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ပြည်နယ်/တိုင်းများသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများနှင့် ကြီးကြပ်မှုများ ပြုလုပ်ရန် သွားရောက်ခဲ့ကြသော ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ်တင်ပြဆွေးနွေး ညှိနှိုင်းကြသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေး(၇/၂၀၀၈)တွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၄-၂၀၀၈
(ကြာသပတေးနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးမြှင့်ဖော်ဆောင်

ယခုအခါ နိုင်ငံတစ်ဝန်း၌ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး တိုးတက်ကောင်းမွန်စေရန် အခြေခံ အဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးနေသည်။

ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ဒေသအလိုက် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ ကူးသန်းသွားလာမှု ပိုမိုလွယ်ကူလာလျက်ရှိသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် အရှည်သုံးမိုင်ရှိ တွန်ပလွန်-သရက်ကုန်း-အနန်းကုန်းကျေးလက် ကျောက်ချောလမ်းကို ဧပြီလ ၁၉ ရက်က ဖွင့်လှစ်ခဲ့ရာ တွန်ပလွန်ကျေးရွာနှင့် အနန်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများ ပုသိမ်-ငွေဆောင်လမ်းမှ တစ်ဆင့်ပုသိမ်မြို့သို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ထိုနည်းတူ နေပြည်တော် ပျဉ်းမနားမြို့နယ် ရှမ်းစုလေးကျေးရွာနှင့် ဇီးကုန်းကျေးရွာ၊ ကျေးရွာချင်းဆက် ကျောက်ချောလမ်း၊ ဝါးခယ်မမြို့နယ် ကတ္တရာလမ်းသစ်နှင့် သစ်သားတံတားဖွင့်ပွဲ၊ မအူပင်မြို့ မြသီရိကတ္တရာလမ်းသစ်၊ ကျိုက်လတ်မြို့ ဦးပြုံးချိုကတ္တရာလမ်းသစ်၊ မြိတ်မြို့ကတ္တရာလမ်းသစ်၊ တောင်တွင်းကြီးမြို့နယ် ကန်တော်မင်ကျောင်းလမ်းကတ္တရာလမ်းသစ်စသည့် ကျေးလက်လမ်းများ အဆက်မပြတ်ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၀ ကျော်၌ မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိနေပြီဖြစ်သည်။

အလားတူဒေသအလိုက် အခြေခံပညာကျောင်းဆောင်သစ်များ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို တိုးမြှင့်တည်ဆောက်ပေးနေသကဲ့သို့ တာဝန်ရှိသူအသီးသီးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်ရင်းကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ ဆေးဝါးနှင့် ဝတ်စုံများကိုပါဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ စေတနာရှင် အလှူရှင်များက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးနေခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ခိုင်ရွှေဝါလမ်းသွယ် အင်းစိန်လမ်းမကြီးနေ ဦးထွန်းနိုင်-ဒေါ်ခင်အေးကြည်၊ သမီး ခိုင်သဇင်ထွန်း-မောင်ကြည်ဇင် မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ခြောက်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာနှင့် သာစည်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၁၃ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကဖြူကျေးရွာ ကဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးသည် မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာ ရွှေဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်မိရပ်ဖ၊ ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးသည် သာစည်မြို့နယ် ရွှေလှံ့ကျေးရွာသို့ သွားရောက်ပြီး ရွှေလှံ့ကျောင်းတိုက်တွင် ဆရာတော် ဘဒ္ဒန္တခေမိန္ဒအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေလှံ့တိုက်ကျောင်းအတွက် အလှူငွေများကို လှူဒါန်းသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးသည် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ကဖြူကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် ဧပြီ ၂၃

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဦး (လက်ထောက်ညွှန်ကြားရေးမှူး)သည် မတ် ၁၆ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်တပ်ဦး ဘုန်းကြီးကျောင်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ ၂၀၀ ကျော်တို့အား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်လိုင်စင်ဖြင့်မောင်းနှင်ရေး၊ မူးယစ်သောက်စားပြီး မောင်းနှင်ခြင်း မပြုရေး၊ မဆင်မခြင်ဖြင့် အရှိန်ပြင်းစွာ ကျော်တက်မောင်းနှင်ခြင်း မပြုရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ကြရေး ပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန် မိသားစုက ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၃၀၊ ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံအတွက် ငွေကျပ်၁၀သိန်း၊ ဖဒိုကျေးရွာတိုက်နယ်ဆေးရုံအတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၅၀ ကို ကျောက်တံခါးမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသိမ်းမြို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၁)ရပ်ကွက် ရန်ကင်းလမ်းသွယ်-၂နေ ဦးသန်းဝင်း-ဒေါ်တင်တင်သန်း၊ သား မောင်ရဲလင်းထွန်း၊ မလင်းလင်းထိုက် မိသားစုတို့က (၂၉)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်၊ လေးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့ ကွင်းကောက် အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့ ကွင်းကောက်ကျေးရွာ နန္ဒာလစေတီတော်အား ဖူးမြော်ပြီး ဝတ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညနေပိုင်းတွင် ကွင်းကောက် တိုက်နယ် ပြည်သူ့ဆေးရုံ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသည့် ရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်ပွဲကို တက်ရောက် အားပေးပြီး သင်တန်းနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်လှူဒါန်းကာ ဆေးရုံတက်ရောက်နေသူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထန်းပင်ကုန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဒေသခံ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်္ဂပူမြို့ ဇေယျသုခကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရေဝတဓမ္မအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပြီး အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ ဇေတဝန်ကျောင်းဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကာ ညနေပိုင်းတွင် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာခန်းမနှင့် လိပ်ပေါင်ဆွဲ အခြေခံပညာ အထက်တန်းကျောင်းတို့၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကာ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့ ကွင်းကောက် အခြေခံပညာအထက်တန်းကျောင်းတွင် ဌာနဆိုင်ရာများ၊ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ ၂၈)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက်(၄၀)နှင့်အထက် အလွတ်တန်း၊ အသက်(၂၀)နှင့်အောက်၊ အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများနှင့် အသက်(၄၀)အထက်နှင့် အလွတ်တန်းပြိုင်ပွဲများဖြစ်သည်။

ပြိုင်ပွဲအားလုံးအတွက် ဆုငွေမှာ ပထမ ကျပ်၁၀ သိန်း၊ ဒုတိယ ကျပ်ခြောက်သိန်း၊ တတိယ ကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး အသင်းဝင်ကြေးငွေကျပ်တစ်သောင်းဖြစ်ကာ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ၁၀ ဦး၊ နည်းပြတစ်ဦး၊ အုပ်ချုပ်သူတစ်ဦးပါဝင်ရမည်။ ပါဝင်ယှဉ်ပြိုင်သော အသင်းများအား နှစ်သိမ့်ဆု ကျပ်တစ်သိန်း ချီးမြှင့်မည်။ ပြည်နယ်/တိုင်းအသီးသီးမှ လာရောက်ယှဉ်ပြိုင်သော အသင်းများ၏ စားသောက်ရေးနှင့် နေထိုင်ရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်။ သက်တမ်းအလိုက် ပြိုင်ပွဲကျင်းပစဉ် ခေတ္တရပ်နားချိန်များ၌ ဂိုးသွင်းပြိုင်ပွဲများနှင့် ဘောလုံးပုတ် စွမ်းရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များကို ဧပြီ ၂၃ ရက် နံနက် ၁၀နာရီတွင် ကျိုက္ကဆံအားကစားရုံ၌ ရေးဆွဲမည်ဖြစ်သည်။

အသက်(၂၀)နှစ်အောက် ပြိုင်ပွဲအတွက် ၁၉၈၈ခုနှစ်တွင် မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက်(၁၆)နှစ်အောက် ပြိုင်ပွဲအတွက် ၁၉၉၂ ခုနှစ်တွင် မွေးဖွားသူဖြစ်ရမည်။ သက်တမ်းအလိုက် ပြိုင်ပွဲများအတွက် မွေးစာရင်းမူရင်းနှင့် မှတ်ပုံတင်မူရင်း တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင် အားကစားသမားများသည် ပြိုင်ပွဲဝင်ဝတ်စုံနှင့်အတူ အားကစားဖိနပ်ဝတ်ဆင်မှသာ ပြိုင်ပွဲကွင်းအတွင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၃-၄-၂၀၀၈)

ချောက်
၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး
၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ ရွှေဘို၊ မုံရွာ၊ မန္တလေး၊ မြင်းခြံ၊ ညောင်ဦးနှင့် မကွေး
၄၂ ဒီဂရီစင်တီဂရိတ်စီ (၁၀၇ ဒီဂရီဖာရင်ဟိုက်စီ)

ရန်ကုန်
၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၁၀၁ ဒီဂရီဖာရင်ဟိုက်)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၂၃

ယနေ့ နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ လေဖိအားနည်း ချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့ မွန်းတည့်မှ နောက်(၄၈)နာရီအတွင်း ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

တိုင်းရင်းသားအားလုံး ခွင့်တူညီမျှခံစားရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်

ကေတုနီလာ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် နိုင်ငံတော်၏ ပကတိဖြစ်တည်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့များနှင့် သဘာဇာတကျစွာပေါင်းစည်းညီညွတ်မှုရှိသကဲ့သို့ နိုင်ငံတော်၏ ဖြတ်သန်းလာခဲ့သော သမိုင်းရေးဖြစ်ပေါ်မှုများအပေါ် အခြေခံ၍လည်း ရေးဆွဲထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ချုပ်ငြိမ်းခဲ့ပြီးဖြစ်သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်၊ အားသာချက်များကို လေ့လာနှိုင်းယှဉ်၊ ဆင်ခြင်သုံးသပ်ပြီး ရေးဆွဲထားခြင်းဖြစ်သည်။

စင်စစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးကို ကိုယ်စားပြုထားသည့် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးသဖွယ် တိုင်းရင်းသား ပေါင်းစုံ၊ ပါတီပေါင်းစုံ၊ ရွေးချယ်ခံ ကိုယ်စားလှယ်ပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်ရာ ယင်းဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား ကန့်ကွက်ရန် စည်းရုံးလှုံ့ဆော်ပုတ်ခတ်နေသူများသည် ပြည်သူတစ်ရပ်လုံးနှင့် တစ်နိုင်ငံလုံးကို ဆန့်ကျင်နေကြသူများပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ၏ အနှစ်သာရတရားများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏အမျိုးသားရေးမူဝါဒကို မဏ္ဍိုင်ပြုရေးဆွဲထားခြင်းဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၈)တွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟူ၍လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၁၀)တွင် နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဟူ၍လည်းကောင်း ဖော်ပြပါရှိထားပြီးဖြစ်သည်။

ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရေးအတွက် မူလရှိပြီး တိုင်းဒေသကြီး(၇)တိုင်းနှင့် ပြည်နယ်(၇)ပြည်နယ်အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း(၂၀၀၈)ဥပဒေပြဋ္ဌာန်းချက်အပိုဒ်(၅၆)တွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဟူ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုနှင့်“ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့ကို ဖွဲ့စည်းသတ်မှတ်ဖော်ပြပြီးဖြစ်သည်။ ဤသို့အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်မရရှိသေးသော တိုင်းရင်းသားများအား ဒီမိုကရေစီပိုင်ခွင့်ကို ပိုမိုရရှိစေရန်ပင် ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၅၆)သည် အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်အရ တိုင်းရင်းသားများ၏ ဒီမိုကရေစီပိုင်ခွင့်အား ပိုမိုကျယ်ပြန့် လာစေသကဲ့သို့ အနှစ်သာရအရလည်း တိုင်းရင်းသားများ၏ ဒီမိုကရေစီ ပိုင်ခွင့်သည် ပိုမိုနက်ရှိုင်းပီပြင်လာသည်။

ယင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ပါ ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်သုံးရပ်ဖွဲ့စည်းထားရာ ယင်းလွှတ်တော်သုံးရပ်အနက် အမျိုးသားလွှတ်တော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၁၂ ဦးစီ ရွေးချယ်စေလွှတ်ရမည်ဖြစ်သည်။ ယင်းသို့ ရွေးချယ်စေလွှတ်ရာ တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း၊ ဒေသတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ခွဲဝေပေးရ မည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများသည် အမျိုးသား လွှတ်တော်တွင်လည်း ကိုယ်စားပြုပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ အကယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိ ပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများ အနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းထက်များပါက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ယင်းတိုင်းရင်းသားလူမျိုးစု၏ လွှတ်တော်ကိုယ် စားလှယ်တစ်ဦးစီ ထည့်သွင်းဖွဲ့စည်းခွင့်ရရှိမည်ဖြစ်သည်။ ယင်းတိုင်းရင်းသား ကိုယ်စားလှယ်သည် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့တွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းကို ကိုယ်စားပြုသည့် ဝန်ကြီးအဖြစ် ခန့်အပ်ခံရမည်ဖြစ်ရာ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်တို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိမည်ဖြစ်သည်။ ဤသည်မှာ တိုင်းရင်းသားလူမျိုးစုငယ်များအတွက် မည်သည့်ခေတ် ကာလကမျှ မရရှိသေးသည့် ဒီမိုကရေစီပိုင်ခွင့်များဖြစ်သည်။

ထို့အတူပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအတွင်းရှိ မြို့နယ်များမှ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များသို့ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဝင်များ အလိုအလျောက် ဖြစ်လာကြမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဝင်များသည် မိမိဒေသတွင် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်များရရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ပါဝင်ပြီး ဥပဒေပြုခွင့်ရရှိမည်ဖြစ်သည်။ ယင်းနှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသကြီးအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသမရရှိသေးသော လူဦးရေတစ်သောင်းကျော်ရှိသည့် တိုင်းရင်းသားများသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ ဦးစီးအဖွဲ့တွင် ကိုယ်စားလှယ်တစ်နေရာရရှိပြီး ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့် အာဏာများရရှိမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အတွင်းရှိ တိုင်းရင်းသားများကို ကိုယ်စားပြုနိုင်ရန် ဦးစီးအဖွဲ့ဝင် အရေအတွက်မှာ အနည်းဆုံး ၁၀ ဦးဖွဲ့စည်းရမည်ဟု သတ်မှတ်ထားသော်လည်း အများဆုံးပါဝင်ရမည့် အရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပေ။ အများဆုံးပါဝင်ရမည့် အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိသည်မှာ လိုအပ်ပါက ဦးစီးအဖွဲ့ဝင် အရေအတွက်ကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်ရန်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် ပါဝင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိမည်ဖြစ်သည်။

အလားတူ **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၄၂) အပိုဒ်ခွဲ(ခ) တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေရန် ကာကွယ်စောင့်ရှောက်ထားသည်။**

ယနေ့ကာလတွင် ရေးဆွဲခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် ဒို့တာဝန်အရေးသုံးပါးဟူသော အမျိုးသားရေးမူဝါဒနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီပိုင်ခွင့်ကို ဆူကြုံနိမ့်မြင့်မရွေး၊ ခွင့်တူညီမျှခံစားခွင့်များ အခိုင်အမာကျယ်ကျယ်ပြန့်ပြန့်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လာမည့် ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် တစ်ခဲနက်ထောက်ခံဆန္ဒမဲပေးကြခြင်းဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အခိုင်အမာတည်ဆောက်နိုင်ကြမည်ဟု အလေးအနက်ယုံကြည်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ယနေ့ကာလတွင် ရေးဆွဲခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် ဒို့တာဝန်အရေးသုံးပါးဟူသော အမျိုးသားရေးမူဝါဒနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီပိုင်ခွင့်ကို ဆူကြုံနိမ့်မြင့်မရွေး၊ ခွင့်တူညီမျှခံစားခွင့်များ အခိုင်အမာ ကျယ်ကျယ်ပြန့်ပြန့်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လာမည့် ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးကြခြင်းဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အခိုင်အမာ တည်ဆောက်နိုင်ကြမည်ဟု အလေးအနက်ယုံကြည်။

အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲများသို့ တက်ရောက်

နေပြည်တော် ဧပြီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် နမ့်စန်မြို့ သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် ယင်းကျောင်းတိုက်၌ ကျင်းပသည့် နမ့်စန်မြို့ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် လွိုင်လင်မြို့ ရတနာစည် ပရိယတ္တိစာသင်တိုက်၌ ဆရာတော်ဘဒ္ဒန္တသီလာနန္ဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ယင်းကျောင်းတိုက်အတွင်းရှိ သုတရတနာဓမ္မာရုံ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲသို့တက်ရောက်ကာလွိုင်လင်မြို့ပေါ်ရှိ ရပ်ကွက်ကြီး(၄)ရပ်ကွက်၊ ပင်လုံမြို့နယ် ရပ်ကွက်ကြီး(၄) ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်လှူဒါန်းကြသည်။

အမှာစကားပြောကြား

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဧပြီ ၂၀ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် မြို့နယ်ခန်းမ၌ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းသည် ဧပြီ ၂၁ ရက်တွင် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ လည်းကောင်း၊ ကလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ လည်းကောင်း ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီမြစ်ကျော် တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၁၈ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ လှိုင်သာယာ-အသုတ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ရောဝတီမြစ်ကျော် တာဝါတိုင် အမှတ်(၁၄၇) ဖောင်ဒေးရှင်း တည်ဆောက်ခြင်းလုပ်ငန်းသို့သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စနစ်တကျတွက်ချက်၍ တည်ဆောက်သွားကြရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး တာဝါတိုင် အမှတ်(၁၄၇)ဖောင်ဒေးရှင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ရော(၁၁)လမ်းနေ ဒေါ်ရွှေက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြင်္န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	မြန်မာသကြင်္န်
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသား အမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသကြင်္န်
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၄၂)
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၅၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဆန့်ကျင်ဘက်နှလုံးသား (အပိုင်း-၁)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးအား ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ဧပြီ ၂ရက် မွန်းလွဲ ၂နာရီက ဝါးခယ်မမြို့ သကျမဟာ သီရိဘုရားကြီး သံတန်ဆောင်းအတွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်သန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊အလှူရှင်ဒါယကာ၊ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြပြီး ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာသဘ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသာမိ၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်ပရပသိဂ္ဂီ တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၁၈၂)

ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ္မလေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဆရာတော် ဘဒ္ဒန္တနန္ဒိယထံသို့ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအိမ်ရာနေ ဦးသိန်းအောင်(ခ)ဦးချို-ဒေါ်မူမူမိသားစုက ကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။

(ကုသိုလ်ပါဝင် လှူဒါန်းလိုသူများ ဖုန်း-၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။) (က-ပ)

ဘိုးဘွားမိဘဆွေမျိုးများအား ရည်စူး၍ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် အေးချမ်းသာယာ သဇင်မြိုင်ဂေဟာနေ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာမြတ်မြတ်အုန်းခင်၊ သမီးကြီး နန်းကလျာဇော်၊ သား၊ သမီး မောင်ပြည့်ဖြိုးဇော်-မဝေဝေဖြိုးလှိုင်၊ သမီးငယ် ဂျူးဂျူးဇော်(ခ)ခင်အိန္ဒြာဇော် မိသားစုတို့က ငါးထပ်ကြီးဘုရား သံစောင်းတန်းဆောက်လုပ်ခြင်းအတွက် အလှူငွေ ကျပ်၁၀ သိန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မောင်မင်းနိုင်(မင်းဆောက်လုပ်ရေး)မန္တလေးက ဓမ္မစေတီ ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဓမ္မစေတီ ဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်းဓမ္မစေတီ ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မုံရွာမြို့ အောင်မင်္ဂလာရပ် အရုဏ်တော် ဘုံဆွမ်းလောင်း အသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ်မဟာသင်္ကြန် သက်ကြီးပူဇော်ပွဲကို သင်္ကြန်အတက်နေ့က ကျင်းပရာ သုတာရာမကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရက ပူဇော်ကန်တော့ရခြင်း အကျိုးကို ဟောကြားချီးမြှင့်တော်မူစဉ်။ (က-ပ)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၇)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ကမ္ဘာပေါ်တွင် နိုင်ငံအလိုက်ရရှိနိုင်သော သယံဇာတအရင်းအမြစ်များအပေါ် အခြေခံပြီး နည်းလမ်းမျိုးစုံ အသုံးပြု၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဇီဝရုပ်ကြွင်းလောင်စာ (Fossil Fuel) များဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို တူးဖော်ထုတ်လုပ်ပြီး သမားရိုးကျနည်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို နှစ်ပေါင်းများစွာ အသုံးပြုပါက ထိုစွမ်းအင် အရင်းအမြစ်များကုန်ခန်းလာမည်ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများမှ တိုးတက်လိုအပ်လာမည့် စွမ်းအင်လိုအပ်ချက်ကို လုံလောက်မှုရှိရေးအတွက် ရေနံကို အပြိုင်အဆိုင် ဝယ်ယူသိုလှောင်ထားရှိခြင်းတို့ကြောင့် ဝယ်လိုအားမြင့်မားလာခြင်း၊ နိုင်ငံရေးအင်အား ပြိုင်ဆိုင်မှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် လောင်စာဈေးနှုန်းမြင့်မားခြင်းစသည့်အကျိုးဆက်များဖြစ်ပေါ် လျက်ရှိပေသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုသည် အနာဂတ်လျှပ်စစ်စွမ်းအားလိုအပ်ချက် စွမ်းအင်စိတ်ချရရေး (Energy Security) အတွက် မိမိနိုင်ငံတွင် ရရှိနိုင်မည့် အစားထိုးစွမ်းအင် (Alternative Energy)ကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများရှာဖွေဖော်ထုတ်စမ်းသပ်ဆောင်ရွက်လျက်ရှိနေကြသည်။

အနာဂတ် လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းနိုင်ရေး၊ လျှပ်စစ်ဓာတ်အား မရရှိသေးသောဒေသများ ဓာတ်အားရရှိရေး၊ လောင်စာဈေးနှုန်းမြင့်မားမှု အကျိုးဆက်မှ ကင်းလွတ်ရေးနှင့်မြေ **အောက်သယံဇာတလောင်စာအပေါ်** မှီခိုရမှုမှ လျော့နည်းရေးတို့အတွက် ဒေသတွင်း ပေါများစွာရရှိနိုင်မည့် စိုက်ပျိုးရေးအခြေခံဘေးထွက်ပစ္စည်းများအား ဇီဝလောင်စာ(Bio-mass)အဖြစ် အသုံးပြု၍ တစ်ရွာတစ်မြို့ မီးလင်းရေးကို ဌာနအနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ၊ ကျေးရွာပြည်သူလူထု၏ စည်းလုံးအားထုတ်မှုဖြင့်ဖြစ်စေ ဆောင်ရွက်သွားရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တွန်းအားပေးဆောင်ရွက် လျက်ရှိပါသည်။



ရန်ကုန်တိုင်းတွံ့တေးမြို့နယ် သဝန်းတောကျေးရွာတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ကျေးရွာလူထုတို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ကို တွေ့ရစဉ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဆောင်ရွက်ထားရှိမှုများ

ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ဒေသများတွင် နေထိုင်သော ပြည်သူများလျှပ်စစ်ဓာတ်အားသုံးစွဲ နိုင်စေရန်အတွက် အသေးစားရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားထုတ်လုပ်၍လည်းကောင်း၊ ဒီဇယ် ဓာတ်အားပေးစက်များတပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်၍လည်းကောင်း စီစဉ်ဆောင်ရွက်ထားသည့်အပြင် ထိုဒေသများ၌ အလွယ်တကူပေါများစွာရရှိနိုင်သော ဇီဝလောင်စာ အမျိုးအစားအပေါ်အခြေခံ၍ ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များတပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဇီဝလောင်စာသုံးဓာတ်အားပေးစက်များကို အောက်ပါတည် နေရာများတွင် တည်ဆောက်၍ လျှပ်စစ်ဓာတ်အားပေးရန်ဆောင်ရွက်ထားသည်-

စဉ်	ပြည်နယ်/တိုင်း	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	ရန်ကုန်တိုင်း	ခရမ်း(ကမာမတ်)	၁၂၅	စပါးခွံ	၃၁-၁-၂၀၀၈
(၂)	ရန်ကုန်တိုင်း	ကိုကိုးကျွန်း	၁၅၀	အုန်းလက်+ဒီဇယ်	ဆောင်ရွက်ဆဲ
(၃)	ရန်ကုန်တိုင်း	တွံ့တေး(သဝန်းတော)	၁၅၀	စပါးခွံ	ဆောင်ရွက်ဆဲ
(၄)	ရခိုင်ပြည်နယ်	တောင်ကုတ်	၂×၅၀၀	စပါးခွံ+ဒီဇယ်	၁၉-၁၁-၂၀၀၇
(၅)	ရခိုင်ပြည်နယ်	ဂွ	၂၀၀	ထင်း+ဒီဇယ်	၂၈-၂-၂၀၀၇

ပုဂ္ဂလိကကဏ္ဍနှင့် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိမှုများ

ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသော နေရာဒေသများရှိ မိမိတို့၏ သွေးရင်း တိုင်းရင်းသားလူမျိုး များ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အသေးစားရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ လည်းကောင်း၊ ဒီဇယ်ဓာတ်အားပေးစက်များ တပ်ဆင်ပြီး ဓာတ်အားထုတ်လုပ် ၍လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူလူထု၏ ဓာတ်အားသုံးစွဲမှုပမာဏ မြင့်မားလာခြင်းကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ မီးလင်းရေးကော်မတီများ ဖွဲ့စည်းလုပ်ကိုင်မှုဖြင့်လည်းကောင်း ဓာတ်အားတိုးတက် ထုတ်လုပ်ဖြန့်ဖြူးရန် ဆောင်ရွက်သည့် အစီအစဉ် များကို ထိုဒေသများ၏ တိုးတက်မှု နောက်မကျစေရေး ဦးတည်ချက်ဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော လျှပ်စစ်ဓာတ်အားပေးရေးစနစ်ကို ပုံဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုအစီအစဉ်များအရ လက်ရှိပုဂ္ဂလိကကဏ္ဍနှင့် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဓာတ်အားဖြန့်ဖြူးရေး အား ဆောင်ရွက်ထားရှိမှုများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ကချင်ပြည်နယ် ၃ မြို့
(၂) ကရင်ပြည်နယ် ၂ မြို့
(၃) ချင်းပြည်နယ် ၁ မြို့
(၄) ရခိုင်ပြည်နယ် ၁၀ မြို့
(၅) ရှမ်းပြည်နယ်(တောင်ပိုင်း) ၁ မြို့
(၆) ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၁ မြို့
(၇) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂ မြို့
(၈) တနင်္သာရီတိုင်း ၁၆ မြို့
(၉) ဧရာဝတီတိုင်း ၂၀ မြို့
၆၆ မြို့

ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက်ရှိသော ပြည်နယ်နှင့် တိုင်းများအနက်မှ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းအတွင်းမှ အချို့သော ဇီဝလောင်စာသုံး စက်များ၏ စာရင်းကို စုဆောင်း၍ တင်ပြလိုက်ရပါသည်။

ရခိုင်ပြည်နယ်

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	စစ်တွေ	၁၂၅	စပါးခွံ	၁-၈-၂၀၀၇
		၁၂၅	စပါးခွံ	၂၈-၂-၂၀၀၇
		၁၂၅	စပါးခွံ	၆-၃-၂၀၀၇
		၅၀	စပါးခွံ	၈-၃-၂၀၀၆
(၂)	မင်းပြား	၂၀၀	စပါးခွံ	၁-၁-၂၀၀၆
		၁၂၅	စပါးခွံ+ဒီဇယ်	၂၆-၁-၂၀၀၇

ဧရာဝတီတိုင်း

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	မအူပင်	၅၀	စပါးခွံ	၅-၁၁-၂၀၀၅
		၃၀	စပါးခွံ	၁၀-၃-၂၀၀၃
		၁၀	စပါးခွံ	၂၅-၃-၂၀၀၆
		၁၀	စပါးခွံ	၃-၅-၂၀၀၆
(၂)	ဓနုဖြူ	၃၀	စပါးခွံ	၂-၅-၂၀၀၆
		၂၅	စပါးခွံ	၁၁-၈-၂၀၀၆
		၅၀၀	စပါးခွံ	၁၂-၁၂-၂၀၀၄
(၃)	ညောင်တုန်း	၁၀၂	စပါးခွံ	၁၂-၂-၁၉၉၆
		၄၁	စပါးခွံ	၁၀-၉-၁၉၉၈
		၄၁	စပါးခွံ	၂၄-၂-၂၀၀၆
		၄၁	စပါးခွံ	၁၅-၃-၂၀၀၄
		၄၁	စပါးခွံ	၁၆-၄-၂၀၀၅
		၄၁	စပါးခွံ	၁၄-၁-၂၀၀၆
		၁၀၂	စပါးခွံ	၁၃-၂-၂၀၀၅
		၄၁	စပါးခွံ	၁၈-၄-၂၀၀၅
		၄၁	စပါးခွံ	၁-၆-၂၀၀၃
		၄၁	စပါးခွံ	၈-၇-၂၀၀၂
(၄)	ပန်းတနော်	၅၀	စပါးခွံ	၂၀-၆-၂၀၀၁

စာမျက်နှာ ၇ ကော်လံ ၁သို့

○ စာမျက်နှာ ၆ သတင်းဆောင်းပါးမှ အဆက်

ဧရာဝတီတိုင်း

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၅)	ဓနုဖြူ	၅၆	စပါးခွံ	၁၁-၂-၂၀၀၂
(၆)	အိမ်မဲ	၂၀	စပါးခွံ	၂-၁၀-၂၀၀၆
		၂၀	စပါးခွံ	၃-၆-၂၀၀၄
		၂၀	စပါးခွံ	၁၀-၁၀-၂၀၀၅
		၅၆	စပါးခွံ	၁၇-၁၀-၂၀၀၁
(၇)	ဝါးခယ်မ	၂၄	စပါးခွံ	၁-၉-၂၀၀၆
		၅၀	စပါးခွံ	၃-၃-၂၀၀၄
		၅၆	စပါးခွံ	၂၁-၁၁-၂၀၀၁
		၅၆	စပါးခွံ	၈-၂-၂၀၀၂
(၈)	ပြင်စလူ	၂	စပါးခွံ	၁၈-၆-၂၀၀၀
(၉)	မော်လမြိုင်ကျွန်း	၈၀	စပါးခွံ	၁-၅-၂၀၀၆
		၁၈	စပါးခွံ	၉-၅-၂၀၀၂
		၅၆	စပါးခွံ	၁၃-၁၂-၂၀၀၁
(၁၀)	ကန်ကြီးဒေါင့်	၅၀	စပါးခွံ	၁-၁-၂၀၀၁
		၃၀	စပါးခွံ	၂-၂-၂၀၀၂
		၅၆	စပါးခွံ	၂၃-၁၂-၂၀၀၁
		၉၃	စပါးခွံ	၁၀-၁-၂၀၀၂
(၁၁)	ဟသ်ာတ	၈၀	စပါးခွံ	၁၈-၁-၂၀၀၂
		၄၀	စပါးခွံ	၁၅-၄-၂၀၀၂
		၆၀	စပါးခွံ	၂၆-၂-၂၀၀၂
(၁၂)	လပွတ္တာ	၂၀	စပါးခွံ	၁၀-၉-၂၀၀၃
		၅၀	စပါးခွံ	၁-၄-၂၀၀၆
		၉၃	စပါးခွံ	၂၀၀၀
(၁၃)	ကျောင်းကုန်း	၁၁၂	စပါးခွံ	၁၉၉၈
(၁၄)	ကျိုက်လတ်	၅၆	စပါးခွံ	၈-၆-၂၀၀၁
(၁၅)	ဖျာပုံ	၅၆	စပါးခွံ	၁၀-၆-၂၀၀၁
		၉၃	စပါးခွံ	၂၄-၁-၂၀၀၂
(၁၆)	ရေကြည်	၅၆	စပါးခွံ	၁၂-၁၂-၂၀၀၁
(၁၇)	ဇလွန်	၅၆	စပါးခွံ	၂၀-၁၀-၂၀၀၁
(၁၈)	ကျုံပျော်	၅၆	စပါးခွံ	၁၈-၁၂-၂၀၀၁
(၁၉)	မြောင်းမြ	၅၆	စပါးခွံ	၂၇-၁၂-၂၀၀၁
(၂၀)	အင်္ဂပူ	၉၃	စပါးခွံ	၁၁-၁-၂၀၀၂

ကိုယ့်အားကိုယ်ကိုး စပါးခွံမီးစက်ဖွင့်ပွဲ

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကိုယ့်အားကိုယ်ကိုး စပါးခွံ မီးစက်ဖွင့်ပွဲတွင် တိုင်းမှူးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးတို့ တက်ရောက်အားပေး ကြည့်ရှုကြစဉ်။

ဧရာဝတီတိုင်းသည် တိုင်းပြည်၏ စပါးကျီဖြစ်သည်နှင့်အညီ ဘေးထွက် အပိုပစ္စည်းဖြစ်သော စပါးခွံကို အသုံးပြု၍ ဓာတ်အားပေးစက်များ တပ်ဆင်အသုံးပြုထားသည်မှာ ယခုတင်ပြပါစာရင်းထက် များစွာကျန်ရှိနေပါသေးသည်။ ထိုကဲ့သို့သောဒေသတွင် ယခုထက်ပို၍ ဤနည်းပညာကို အသုံးပြုသွားမည်ဆိုလျှင် တစ်ဖက်မှလည်း ဒေသတိုးတက်ရေးကို ပြည်တွင်းဖြစ် နည်းပညာအသုံးပြု၍ အားပေးဆောင်ရွက်ရာ ရောက်ပါမည်။

စပါးခွံလောင်စာသည် နှစ်စဉ် စပါးစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းဖြစ်ရာ ရေရှည်တည်တံ့စွာ ရရှိနိုင်မည့် မကုန်ခန်းနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာတစ်မျိုးပင်ဖြစ်သည်။ ထိုသို့ပေါများလှသည့် ဘေးထွက်ပစ္စည်းကို အကျိုးရှိရှိ အသုံးပြုခြင်းအားဖြင့် လောင်စာကုန်ကျစရိတ်လည်း သက်သာပြီး ကမ္ဘာ့ရေနံဈေး မြင့်မားပြောင်းလဲမှုကြောင့် ဓာတ်အားထုတ်လုပ်မှုစရိတ် ထိခိုက်မည်ကိုလည်း စိုးရိမ်ရန် လုံးဝမလိုဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်အသုံးပြုနိုင်သည့်နည်းလမ်းဖြစ်ရာ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးဆောင်ရွက်မှု၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူဝါဒဆိုင်ရာ ပံ့ပိုးမှုတို့ဖြင့် တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် တစ်ပြေးညီ စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများသာမက ပညာရေး၊ ကျန်းမာရေးပို့ဆောင်ရေး၊ဆက်သွယ်ရေး လုပ်ငန်းများနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများတွင်ပါ အီလက်ထရွန်နစ်ပစ္စည်းများနှင့် နည်းပညာသစ်များ အသုံးပြုလာကြခြင်းကြောင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် လျှပ်စစ်စွမ်းအားကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရေးမှာ ပိုမိုလိုအပ်လာမည်ဖြစ်သည်။

နည်းပညာသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်သူလူထု၏ လူနေမှုဘဝတွင် လျှပ်စစ်ပစ္စည်းများ တစ်နေ့တခြား ပိုမိုသုံးစွဲလာသကဲ့သို့ တရားဝင်လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိရန်အတွက် မီတာတပ်ဆင်အသုံးပြုခွင့် လိုအပ်လာပါသည်။ သို့ဖြစ်၍ မီတာတပ်ဆင်ခွင့်ရရှိရန် ဆောင်ရွက်ရမည့်အစီအစဉ်နှင့် တစ်နိုင်ငံလုံးတွင် မီတာတပ်ဆင်ပေးထားနိုင်မှု အခြေအနေများကို ဆက်လက်၍တင်ပြသွားပါမည်။

ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၃

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ထိန်ပင်ကျေးရွာနေ ဦးမြင့်ဦး၏သား ချမ်းမြေ့အောင် အသက်(၂၀)သည် ဧပြီ ၁၇ရက် နံနက် ၆နာရီ မိနစ် ၅၀ခန့်တွင် အစ်မဖြစ်သူနှင့်အတူ နွေစပါးစိုက်ခင်းအတွင်း စာခြောက်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲပြီး ချမ်းမြေ့အောင်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်အထက်မှ ပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

အလားတူ နံနက် ၈ နာရီခန့်တွင် ထိန်ပင်ကျေးရွာမှ ဦးမောင်အုန်း၏သား ဇော်မင်းထိုက် အသက် (၁၃)နှစ်သည် အဖော်နှစ်ဦးနှင့်အတူ နွေစပါးစိုက်ခင်းအတွင်း နွားကျောင်းနေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲပြီး ဇော်မင်းထိုက်၏ ဘယ်ဘက်ခြေဖဝါးပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ဧပြီ ၁၈ ရက် နံနက် ၉ နာရီတွင် ကျောက်ကြီးမြို့နယ် တောကြောင်ပေါက်ကျေးရွာမှ ဦးသောင်းတင်၏သား ညီညီအောင် အသက် (၂၄)နှစ်သည် နွေစပါးစိုက်ခင်းအတွင်း စာခြောက်နေစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲပြီး ညီညီအောင်၏ ဘယ်ဘက်ခြေဖဝါးပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မဂ္ဂင်လမ်းလျှောက် နိဗ္ဗာန်ရောက်" တရားတော် (ပြည်တွင်း၊ပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၀ - ၁း၅၀	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၃၅ - ၂း၃၅	ခက်အောင်လုပ်နေသူများ
၉း၀၀ - ၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	သင်ယူလေ့လာဂီတပညာ(ဂီတမိတ်သင်တန်းကျောင်း)
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ကလေးတို့အတွက်လက်ဆောင် (နတ်သမီးရုပ်နှင့် ငှက်ရုပ်ကလေးခေါက်ကြရအောင်)
၁၀း၅၅ - ၄း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀ - ၅း၀၀	စိတ်အားထက်သန်ဆန္ဒမှန်
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	Academy Talk (အကယ်ဒမီ မေသဉ္ဇာဦးနှင့်တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅ - ၆း၀၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **"ပန်သုံးပွင့်၏ချစ်အိပ်မက်"**
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းကြောင့် ရွာသားတစ်ဦး သေဆုံး

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၁၉ရက် မွန်းလွဲ ၂ နာရီတွင် ရွှေကျင်မြို့နယ် ကွန်ဖဲ့ရွာနေ ထွန်းမင်းလတ် (၂၆)နှစ်သည် ရွှေကျင်မြို့နယ် ကွန်ဖဲ့ဒေသတောအတွင်း ထင်းခုတ်သွားစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိ၍ ညာဖနောင့် ပြတ်ဒဏ်ရာရရှိပြီး ဧပြီ ၂၁ ရက်တွင် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများ တောင်ကြီးမြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်း အနား များကို ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပသည်။

အစီအစဉ်အရ တောင်ကြီးမြို့အဝင်၌ **"အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်"**၊ **"အမျိုးသား ရေး အကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြစို့"**ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း၊ တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းနှင့် ကုန်သည်လမ်းထောင့်၌ **"မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း"**၊ **"လုံးဝ လွတ်လပ်ရေးကို မြတ်နိုးသူတိုင်း"**၊ **"အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း"**၊ **"နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ် မလိုလားသူတိုင်း"**၊ **"နယ်ချဲ့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့"**ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း၊ တောင်ကြီးမြို့မှ ဟိုပုံးမြို့အထွက်ဂိတ်၌ **"မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်"**၊ **"ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်"**၊ **"အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်"** ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း၊ တောင်ကြီးတက္ကသိုလ် ရေကန်အနီး၌ **"ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့"** ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း စိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အေးမြချမ်းသာမဟာသိမ်ဓမ္မာရုံကြီး အမိုးနှင့် ဘုရားကိုးဆူ လှူနိုင်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ မဟာသိမ်ဓမ္မာရုံကြီး သုံးထပ်၌ အမိုးအလှူရှင်များ လိုအပ်နေရာ သိမ်တိုင်တစ်လုံး ကျပ်တစ်သိန်း၊ စတီးသွပ် တစ်ချပ်ကျပ်တစ်သောင်း၊ တစ်ခန်းကျပ် ၁၀ သိန်းဖြင့်လည်းကောင်း၊ ဗုဒ္ဓဆင်းတုကိုးဆူ တစ်ဆူလျှင် ကျပ် ၁၀ သိန်းဖြင့်လည်းကောင်းလှူဒါန်းနိုင်သည်။ သုံးထပ်တွင် ဘုရားခန်း ကိုးခန်း၊ ဘုရားကိုးဆူနှင့် လေးထပ်တွင် ကိုးဆူနှင့် လေးထပ်တွင် ကိုးဆူဖြစ်ရာ အာဝေဏိက ဂုဏ်တော် (၁၈)ပါး ပူဇော်ကြည်ညိုသာသနာပြုနိုင်ရန် ဓမ္မကထိကဗဟုဇနဟိတရေ၊ မဟာကမ္မဋ္ဌာနာစရိယ အေးမြချမ်းသာဆရာတော် ဘဒ္ဒန္တသီရိဓမ္မ (ဘီအေ-ပါဠိဂုဏ်ထူး) ဖုန်း-၀၁-၅၈၅၀၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်ဖွယ်မှတ်ရာ ဉာဏ်ကမ္ဘာ

ဟာဝိုင်ယီကျွန်းပေါ်မှ မာအူနာလိုအာမီးတောင်။ (အောက်ပုံ) **နှင့်အင်္ဂါဂြိုဟ်ပေါ်မှ အိုလံပတ်စ်မွန်းစ် မီးတောင်။** (အောက်ဆုံးပုံ)



- **ကမ္ဘာဂြိုဟ်ရဲ့သက်တမ်းဘယ်လောက်ရှိပြီလဲ။**
- ကမ္ဘာဂြိုဟ်ဟာ နှစ်သန်းပေါင်း ၄၁သန်း (သို့မဟုတ်) ၄၂ သန်းရှိပြီဖြစ်တယ်၊ ရေဒီယိုသတ္တိကြွမှုအပေါ် အခြေခံတဲ့ ရေဒီယိုမက်ထရစ်နည်းနဲ့ တွက်ချက်ထားတာပါ။ ယူရေနီယမ်၊ ခဲ၊ ပိုတက်ဆီယမ်၊ အာဂွန်တွေကဲ့သို့သော သဘာဝဒြပ်တွေရဲ့ ပုပ်သိုးဆွေးမြည့်မှုသဘာဝကို အသုံးချတွက်ချက်ပြီး သက်တမ်းကို သတ်မှတ်ဆုံးဖြတ်ကြတယ်။
- **ကာလီဖိုးနီးယားပြည်နယ်ရှိ 'ဆန်အန်ဒရဲအာ့စ်' ပြတ်ရွေ့ကြောင်းကြီးရဲ့ ရွေ့လျားမှုနှုန်းက ဘယ်လောက် ရှိသလဲ။**
- 'ဆန်အန်ဒရဲအာ့စ်' ပြတ်ရွေ့ကြောင်းကြီးရဲ့ ရွေ့လျားမှုနှုန်းက အကြမ်းဖျင်းနှစ်စဉ် နှစ်လက်မနှုန်းဖြစ်တယ်။ လော့စ်အိန်ဂျလိစ်မြို့မှသည် ဆန်ဖရန်စစ္စကိုမြို့ဘက်ဆီသို့ ဦးတည်ရွေ့လျားနေတယ်။ သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ အကြမ်းဖျင်းအားဖြင့် လာမယ့် နှစ်ပေါင်း ၁၅ သန်းအကြာမှာ လော့စ်အိန်ဂျလိစ်မြို့ကြီးဟာ ဆန်ဖရန်စစ္စကိုမြို့ကြီးရဲ့ ဆင်ခြေဖုံးရပ်ကွက်ကြီး ဖြစ်လာလိမ့်မယ်။
- **နေစကြဝဠာထဲမှာ ဘယ်မီးတောင်ကအကြီးဆုံးလဲ။**
- အင်္ဂါဂြိုဟ်ပေါ်က 'အိုလံပတ်စ်မွန်းစ်' မီးတောင်ကြီးဟာ ယနေ့အထိလူတွေ တွေ့ဖူးသမျှ မီးတောင်တွေထဲမှာ အကြီးဆုံးဖြစ်တယ်။
- **ကမ္ဘာပေါ်မှာဘယ်မီးတောင်ဟာအကြီးဆုံးလဲ။**
- ဟာဝိုင်ယီကျွန်းပေါ်က 'မာအူနာလိုအာ' မီးတောင်ဟာကမ္ဘာပေါ်မှာ အကြီးဆုံးပါ။ သူ့အောက်ခြေဧရိယာပေါ်မှာ တည်ရှိနေတဲ့ အမြင့်နဲ့ထုထည် နှစ်ခုစလုံးက ကမ္ဘာ့စံချိန်တင်ထားတယ်။ ချော်ခဲထုပမာဏ ၁၉၀၀၀ ကုဗမိုင်ရှိတယ်။ သမုဒ္ဒရာ အောက်ခြေမှ အထက် မီးတောင်ထိပ်ဝအထိ ပေ ၅၀၀၀၀ ကျော် မြင့်တယ်။ ထုထည်ပမာဏ အလွန်ကြီးမားတာကြောင့် သူ့ကြမ်းပြင်ဧရိယာက သမုဒ္ဒရာရဲ့ ကြမ်းပြင်ဧရိယာ ငါးမိုင်ကို စိုးမိုးထားတယ်။

အောင်ကျော်ဇော် စုစည်းတင်ပြသည်။

ဒုတိယအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ မေ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ပူးပေါင်းပြီး ဒုတိယအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မေ ၄ ရက်မှ မေ ၇ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အဓိကထွက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ဥစားသီးနှံနှင့် ဟင်းခတ်အမွှေးအကြိုင်၊ ပြခန်းများ၊ပန်းမန်၊ သစ်ခွများ၊ စိုက်ပျိုးရေးအထောက်အကူပြု စက်ကိရိယာပြခန်းများ၊မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပျိုးပင်အရောင်းပြခန်းများ၊ ပိုးမွှားနှင့် ရောဂါဆိုင်ရာ ပညာပေးပြခန်းများ၊ ကိုင်းကူး ကိုင်းဆက် သရုပ်ပြခန်းများ၊ ပညာပေး စာအုပ်အရောင်းပြခန်းများ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့ပြခန်းများ၊ ပုဂ္ဂလိက ကုမ္ပဏီပြခန်းများ စသည်ဖြင့် စုံလင်စွာပြသသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်ပပို့ကုန်ပြပွဲ ပြခန်းအနေဖြင့် ပြည်ပသို့ တင်ပို့ရန် အလားအလာရှိသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ ထုပ်ပိုးမှု နည်းစနစ်အဆင့်ဆင့်ကို ပြသထားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့်သီးနှံများမှာ(၁)သရက်၊(၂)သခွားမွှေး၊ (၃)ဖရဲ၊ (၄)ငှက်ပျော၊ (၅) မာလကာ၊ (၆)နာနတ်၊ (၇)ပိန္နဲ၊ (၈)သဘော်၊ (၉)ကညွတ်၊ (၁၀)ဘောဇီကွမ်း၊ (၁၁)ငရုတ်ပွတို့ဖြစ်သည်။

ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံခြားပို့ကုန် တင်ပို့မှုနှင့်ပတ်သက်၍ အတွေ့အကြုံရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊ FAO မှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များက ပြည်ပဈေးကွက် အတွေ့အကြုံများ၊ ပြည်ပပို့ကုန် စံချိန်စံညွှန်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်များ၏ ပြည်ပတင်ပို့နိုင်မှု အလားအလာများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ဝင် ပြုပြင်ထုပ်ပိုးရောင်းချမှုများ စသည်တို့နှင့်သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားဆွေးနွေး ဟောပြောကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ကန်တော်ကြီးရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့လာဆွေးနွေးနိုင်သည်။

ပြပွဲ၊ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (Myanmar Fruit and Vegetable Producer and Exporter Association) (အသင်းယာယီရုံးခန်း) အမှတ်(၂၆၂/၂၆၄)ပြည်လမ်း၊ ဒဂုံစင်တာ Block(A),6th Floor မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၁၄၂၂၆၊ ၀၉-၅၀၃၅၆၆၇၊ ၀၉-၅၁၃၄၂၇၃)ဖြစ်ပြီး ပြပွဲ၊ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်အထက(၂)ယခင်နေရှင်နယ်ကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင် နေရှင်နယ် အမျိုးသားအထက်တန်းကျောင်း) ၌ တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများကို မေ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ၏ အသက်၊ ဤကျောင်းတွင် လုပ်သက် အငြိမ်းစားယူစဉ် ရာထူး၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် အပြည့်အစုံဖြင့် အမြန်ဆုံး ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်လိုပါက ဗိုလ်မှူးကြီးရွှေမျိုး-ဒေါ်မြင့်စိန် (ရန်ကုန်) ဖုန်း-၀၁-၂၅၃၂၃၅၊ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)-ဒေါ်ဝင်းကြည် (ရန်ကုန်) ဖုန်း-၀၁-၅၅၆၉၉၈၊ ဦးမြသန်း (ရန်ကုန်) ဖုန်း-၀၁-၅၄၂၃၃၁၊ ဦးလှမြိုင်(ရဲမှူးကြီး-ငြိမ်း) (ရန်ကုန်) ဖုန်း-၀၉-၅၁၈၇၇၃၆၊ ဦးဝင်းအောင်-ဒေါ်ကြည်လေး (ရန်ကုန်) ဖုန်း-၀၁-၅၆၂၀၈၆၊ ဦးအောင်ခ ဥက္ကဋ္ဌ နှင်းဝေလွင် နောင်ရိုးဥည့်ရိပ်သာ (ပုသိမ်) ဖုန်း-၀၄၂-၂၅၄၆၉၊ ၂၅၁၇၉၊ ဦးလှအောင် (ပုသိမ်) ဖုန်း-၀၄၂-၂၅၃၂၀၊ ဦးမန်းထွန်းတင် (ပုသိမ်)ဖုန်း -၀၉-၅၂၀၁၂၄၀၊ ဦးတင်ဝင်း အတွင်းရေးမှူး (ပုသိမ်) ဖုန်း-၀၉-၅၂၀၃၂၆၄၊ ဒေါ်ခင်ဝင်း ကထိက(ပုသိမ်တက္ကသိုလ်) ဖုန်း-၀၉- ၅၂၀၀၂၃၆၊ ဦးချစ်ကိုကို (ပုသိမ်) ဖုန်း-၀၉-၅၂၀၁၁၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၄-၂၀၀၈)

ကော့ကရိတ်
၃ ဒသမ ၅၀လက်မ

ထားဝယ်
၁ ဒသမ ၂၂ လက်မ

တောင်ကြီး
၀ ဒသမ ၉၇ လက်မ

ကျိုင်းတုံနှင့် မိုင်းဆတ်
၀ ဒသမ ၇၄ လက်မစီ

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်ကျောက်တံတားမြို့နယ်၌ မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပစဉ်။ (သတင်းစဉ်)

✧ **ကျော့ဖုံးမှ**

လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ရှိ သတ်မှတ်နေရာ၌ လည်းကောင်း၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ သတ်မှတ်နေရာ၌လည်းကောင်း၊ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ သတ်မှတ်နေရာ၌လည်းကောင်း စိုက်ထူခဲ့ကြသည်။

ကျင်းပ

အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မြေစိုက်ပိုစတာများမှာ **"ဒို့အနာဂတ် ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေအတည်ပြုစို့."၊ "အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်"၊ "အမျိုးသားရေးအကျိုးကို လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့."၊ "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်"၊ "မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊ လုံးဝ လွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို တစ်ခဲနက်ထောက်ခံမဲပေးကြစို့."** တို့ ဖြစ်ကြသည်။

(သတင်းစဉ်)

ဧပြီ ၂၃ရက်က လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထိပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူစဉ်။ (၄၁)

စမ်းချောင်း ရပ်ကွက်လုံးဆိုင်ရာ ရွှာဦးသဲပုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော စမ်းချောင်းရပ်ကွက်လုံးဆိုင်ရာ ရွှာဦးသဲပုံစေတီတော်မြတ်ကြီး၏ နှစ်(၁၅၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၂၅)နှစ်မြောက် ငွေရတု အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်မှ မေ ၆ ရက် (နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်မှ ကဆုန်လဆန်း ၂ ရက်) အထိ ၁၁ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း တရားပွဲများ ကျင်းပမည်ဖြစ်ရာ မေ ၄ ရက်တွင် သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ ၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာကိတ္တိဇလနှင့် ၆ ရက်တွင် ရွှာဦးသဲပုံစေတီတော် ဩဝါဒါစရိယ အရှင်စရိယ တို့က ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ရန်ကင်းမြို့နယ် ဘောက်ထော် ဇေယျာသီရိလမ်းနေ ဦးညွန့်တင်-ဒေါက်တာဒေါ်စန်းရီ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက်တွင် ဆောက်လုပ်ဆဲသုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် မြန်မာနှစ်ဆန်း ၁ ရက်၊ ဧပြီ ၁၇ရက်က ယင်းစာသင်တိုက်၌ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးကျော်ဆန်း-ဒေါ်ဝင်းမြင့်၊ သမီး မခိုင်ခိုင်ဦး၊ သား မောင်မင်းအောင်ခိုင် စံပြရပ်ကွက် (၃)လမ်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၀၆)

မောင်ရင့်ကျူး(မြောင်းမြ)၏ ကာမန္ဒံ့မှသည်နှင့် ဓမ္မကဗျာများစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၃

မောင်ရင့်ကျူး(မြောင်းမြ)၏ကာမန္ဒံ့မှသည်နှင့် ဓမ္မကဗျာများစာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။**(အပေါ်ပုံ)**

မောင်ရင့်ကျူး (မြောင်းမြ)သည် ၁၉၈၄ခုနှစ်တွင် ကံ့ကော်အလွမ်းရိပ် ကဗျာများစာအုပ်ကို ကဗျာဆရာမင်းနန်းစည်နှင့်အတူ ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် ၁၉၈၂ ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ရေးသားခဲ့သည့် ဓမ္မကဗျာ(၈၂)ပုဒ်ကို စုစည်း၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ အဆိုပါစာအုပ်တွင် ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူက အမှာစာရေးပေးထားပြီး မျိုးဆက်သစ်စာပေ ဖုန်း-၃၇၇၃၆၉ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်၏ ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အတီးပြိုင်ပွဲ(စောင်း)
၇း၅၅	၅။	ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈း၀၀	၆။	"ကြိုဆိုလျက်ပါ" (မင်းထက်ကျော်ဇင်၊နေထူးနိုင်၊နေယံ၊ မိုးယံဇွန်၊နန်းဆုရတီစိုး၊ဇင်ဇင်ဇော်မြင့်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၈း၃၀	၇။	International News
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေးစစ်သည်တေး
၄း၁၀	၂။	လက်ဆင့်ကမ်းပေးဂီတတေး(ဘင်ဂျို)
၄း၂၅	၃။	"ညှော်မယ်ဖို့" (ခန့်စည်သူ၊ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၂၅	၇။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလဝသအခြေအနေ
၆း၄၀	၁၀။	ကြည်နူးရွှင်ပျော် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
၆း၅၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့် ဆုံစည်းခြင်း"(အပိုင်း-၂၃)
၇း၃၅	၁၂။	"စိတ်အားထက်သန်ဆန္ဒအမှန်"
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း"(အပိုင်း-၁၆)
	၁၇။	အစီအစဉ်ပြီး၏။

အိမ်ထောင်ရေး၊ အချစ်၊ ဟာသ ဇာတ်မြူး ဟော့ရှော့ဇာတ်ကား ဒုတိယပတ်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဧပြီ ၂၃

ယခုပတ်သောကြာ ဧပြီ၂၅ ရက်တွင် ရန်ကုန်မြို့လယ်ရှိ သမ္မတ၊ သွင်နှင့်မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ဟော့ရှော့ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားသာ ဆက်လက်ပြသမည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်နှင့် သင်ဇာဝင့်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားပြီး မေတ္တာ၊ အရိုင်း၊ ရန်ပိုင်စိုးနှင့် အေးသီတာ စသော ဟာသ သရုပ်ဆောင်များနှင့် အားဖြည့်ထားသည်။ ဟာသဇာတ်ကားများ ကြိုက်နှစ်သက်သော ရုပ်ရှင်ချစ်ပရိသတ်များ အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားဖြစ်သည်။

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်း စီစဉ်သော မိသားစု သံယောဇဉ်၊ တစ်လင်တစ်မယားစနစ်က မိသားစုကို ပျော်ရွှင်မှုပေးပုံ၊ စိတ်ကူးယဉ်နှင့် လက်တွေ့ဘဝကွာခြားပုံ၊ ကြုံဆုံခဲ့ကြရသည့်ဘဝဇာတ်စုံအဖုံဖုံအကြည်တော်၏ ဇာတ်လမ်း ဇာတ်ညွှန်းကို ဒါရိုက်တာညီညီထွန်းလွင်က ဟာသနှော ရိုက်ကူးထားသည့် အချစ်၊ အိမ်ထောင်ရေး၊ ဟာသ ဇာတ်မြူးကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် ခုန်ပျံကျော်လွှားနိုင်သည့် စွမ်းအင်ပိုင်ဆိုင်ထားသည့်လူငယ်လေးတစ်ဦး၏အကြောင်း ရိုက်ကူးထားသည့် Jumper ဇာတ်ကားပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် Vantage Point စုံထောက်ဇာတ်ကားပြသမည်ဖြစ်သည်။

မြို့လယ် ဝဇီရာ၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ခိုင်တင်၊ ခင်သန်းနု၊ နွဲ့နွဲ့မူ သရုပ်ဆောင်သစ် သုခစိုးမျိုးသန္တာထွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း တို့ပါဝင်သရုပ်ဆောင်ထားသော 'ရင်နင့်အောင်မွှေး' မြန်မာရုပ်ရှင်အချစ်ဇာတ်ကားပြသမည်ဖြစ်သည်။

မြို့လယ်ဆုထူးပန်ရုံတွင် Dust ဟုအမည်ရသော အိန္ဒိယရုပ်ရှင်ဒရမ်မာဇာတ်ကား ပြသမည်ဖြစ်ပြီး ဘုရင့်ရုံတွင် အိမ်ထောင်ရေးမေတ္တာဘွဲ့ သဘာဝသရုပ်ဖော်ဇာတ်ကား Chori Chori Chupke ပြသမည်ဖြစ်သည်။

(ကြေးမုံ)

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံတို့၌ ဒုတိယပတ်ဆက်လက်ပြသမည့် 'ဟော့ရှော့'ဇာတ်ကားမှ သူထူးစံနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဧပြီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုရေး ယူအေအီး အစီအစဉ် တရုတ်ထောက်ခံ

ပေကျင်း မေ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ နိုင်ငံတကာဥပဒေနှင့်အညီ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေး ရိုးသားစွာ၊ တာဝန်သိစွာ အကောင်အထည်ဖော်နေခြင်းအား အသိအမှတ်ပြုကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

ယူအေအီးနိုင်ငံက ငြိမ်းချမ်းစွာ အသုံးပြုမည့် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်း၏ မူဝါဒကို စက္ကူဖြူ စာတမ်းဖြင့် တနင်္ဂနွေနေ့ကထုတ်ပြန်ရာတွင်တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဂျန်ယုက အဆိုပါ သဘောထားမှတ်ချက်ကို ပြောကြားလိုက်ခြင်းဖြစ်သည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေး စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်သော ယူအေအီး၏ နျူကလီယား စွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးပြုခွင့်ကို တရုတ်နိုင်ငံကထောက်ခံကြောင်း၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အကြမ်းဖက်ခေါင်းဆောင်နှစ်ဦးအား အင်ဒိုနီးရှားတရားရုံးက ထောင်ဒဏ် ၁၅ နှစ်စီချမှတ်

ဂျကာတာ မေ ၂၂

လက်နက်များ လက်ဝယ်ထားရှိမှုနှင့် အကြမ်းဖက်သမားများအား ခိုလှုံခွင့်ပေးမှုအတွက် ဒေသဆိုင်ရာ ဂျီမတ်ချ်အစ္စလမ္မာစ် (ဂျေအိုင်)အဖွဲ့ ထိပ်တန်းခေါင်းဆောင် နှစ်ဦးအား မေ ၂၁ရက်တွင်အင်ဒိုနီးရှားတရားရုံးက ထောင်ဒဏ် ၁၅ နှစ်စီ ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဖမ်းဆီး

အကြမ်းဖက်အုပ်စု အကြီးအကဲ အဘူဒူဂျာနာကိုပြီးခဲ့သည့်နှစ်ကနိုင်ငံအတွင်း တိုက်ခိုက်မှု၊ လူအမြောက်အမြား သေဆုံးရမှုအတွက် အလိုရှိသူနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများသိမ်းဆည်းထားခြင်းကြောင့်လွန်ခဲ့သည့်ဇွန်လက ဖမ်းဆီးခဲ့သည်။

ဒူဂျာနာကိုဖမ်းမိသည့်တစ်ရက်တည်းတွင်၂၀၀၅ခုနှစ်မှ၂၀၀၇ခုနှစ်အတွင်း အကြမ်းဖက်အုပ်စု၏ခေါင်းဆောင်ဟုဆိုသော ဇာကာဆစ်ကိုလည်း ဖမ်းဆီးခဲ့သည်။

၎င်းတို့ကို ဖမ်းဆီးရခြင်းမှာ ၂၀၀၂ ခုနှစ်က ဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀၀ ကျော် သေဆုံးရခြင်းနှင့် အင်ဒိုနီးရှားတွင် များစွာသောအခြားတိုက်ခိုက်မှု၌ အဓိကတရားခံများဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဓာတ်ဆီ အခွန်ကောက်ခံမှု ယာယီရပ်ဆိုင်းရန် မက်ကိန်း၏ အဆိုပြုချက် အိုဘားမားဝေဖန်

ဘလူးဘဲလ် (ပင်ဆယ်ဗေးနီးယား) မေ ၂၂

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ သမ္မတရွေးချယ်ပွဲဝင်ရန် ယှဉ်ပြိုင်နေသော ဘာရက်အိုဘားမားသည်၎င်း၏ပြိုင်ဘက်ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်း၏ စားသုံးသူများအပေါ် ဓာတ်ဆီအခွန်ကောက်ခံခြင်းကို ယာယီရပ်ဆိုင်းထားရန် အဆိုပြုတင်ပြချက်အား တနင်္လာနေ့တွင် ဝေဖန်လိုက်သည်။

ပင်ဆယ်ဗေးနီးယားရှိ ကောလိပ်တစ်ခု၌ ကျင်းပသော မဲပေးသူများအစည်းအဝေးတွင်ဂျွန်မက်ကိန်း၏အခွန်ကောက်ခံခြင်းကို သုံးလရပ်ထားရန် အဆိုပြုချက်သည်မကောင်းသောအယူအဆဖြစ်ကြောင်းအိုဘားမားက ပြောကြားလိုက်သည်။

စားသုံးသူများသည်စရိတ်များနောက်တစ်ဖန် တက်မလာမီ ဈေးနှုန်းများကိုသာ လျှော့ချစေလိုကြောင်း၊ ရေနံကုမ္ပဏီများသည် အခွန်လျှော့ချသောကြောင့် သက်သာသွားသော အတိုင်းအတာအတိုင်း ဓာတ်ဆီဈေးနှုန်းများကို မမြှင့်တင်ပါဟု အာမခံချက် မရှိကြောင်းအိုဘားမားက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အိုလံပစ်မီးရှူးတိုင်သယ်ယူရာတွင် လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာဇက်စတန်နိုင်ငံမြောက်ပိုင်းတွင် မေ ၁၉ ရက်က ရုရှားအာကာသယာဉ်ဆိုယုဇ် မြေပြင်သို့ ဆင်းသက်ပြီး တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိန်းစိမ်း ၄ဒသမ၇တန် အာဖဂန်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

ကဘူး မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ မေ ၂၀ ရက်ထုတ်ပြန်ချက်အရနိုင်ငံအရှေ့ပိုင်းနန်ဂါဟာပြည်နယ်တွင်ဘိန်းစိမ်းလေးတန်ကိုဖမ်းဆီးရမိကြောင်း သိရသည်။ ရှာဇာက်ခရိုင်တွင် လူနှစ်ဦးနှင့်ဘိန်း ကီလို ၄၇၀၀ကို အာဖဂန်ရဲများက ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ သို့သော် မည်သည့်ရက်က ဖမ်းဆီးမှုပြုလုပ်ခဲ့သည်ဟူသောအချက်ကို ထုတ်ပြန်ချက်တွင် ရေးသားထားခြင်းမရှိပေ။အာဖဂန်ပြည်သူများအနေဖြင့် ဘိန်းအစားအခြားတရားဝင်သီးနှံများကိုပြောင်းလဲစိုက်ပျိုးကြရန်ပြည်သူများအား တိုက်တွန်းနှိုးဆော်ထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်မှ မလေးရှားငြိမ်းချမ်းရေးတပ်ဖွဲ့ များ ရုပ်သိမ်းမည်

ကွာလာလမ်ပူ မေ ၂၂

မလေးရှားအစိုးရသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသတွင် တပ်စွဲထားသော ၎င်း၏ငြိမ်းချမ်းရေးတပ်ဖွဲ့များကို စက်တင်ဘာလ၌ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

လူဦးရေ ၁၂၀၀၀၀ ကျော် သေဆုံးပြီး နှစ်သန်းကျော် ထွက်ပြေးကြရသော အနှစ် ၄၀ နီးပါးကြာ ပဋိပက္ခကို အဆုံးသတ်ရေး ကြိုးပမ်းချက်တစ်ရပ်အနေဖြင့် ၂၀၀၄ ခုနှစ်ကတည်းက မင်ဒါနာအိုဒေသတွင် လက်နက်တပ်ဆင်ထားခြင်းမရှိသော မလေးရှားစစ်သားများကို တပ်စွဲထားစေခဲ့သည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရေ့စ်ရာတင်က စက်တင်ဘာလတွင် ခွင့်ပြုကာလကုန်ပြီဖြစ်ရာ ၎င်းတို့၏ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို ဆက်လက် သက်တမ်းတိုးပေးတော့မည် မဟုတ်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆိုမာလီ ပင်လယ်ဓားပြများ စပိန်ငါးဖမ်းသင်္ဘော အပိုင်စီး

ဘော့ဆက်ဆို(ဆိုမာလီ) မေ ၂၂

ဆိုမာလီ ပင်လယ်ဓားပြများက ဒူဘိုင်းမှသင်္ဘောတစ်စင်းကို လမ်းခရီးတွင် မေ ၂၁ ရက်က အပိုင်စီးခဲ့ကြောင်း၊ သင်္ဘောသား ၂၆ ဦးနှင့်အတူ စပိန်ငါးဖမ်းသင်္ဘော အဖမ်းခံရပြီးနောက် ရေတပ်စစ်သင်္ဘောကို စေလွှတ်ခဲ့ကြောင်း စပိန်ကပြောကြားသည်။

ဒူဘိုင်းနိုင်ငံပိုင် အယ်လ်ခါလစ်ဂျ် သင်္ဘောသည်ဆိုမာလီနိုင်ငံတွင်အစားအစာရောင်းချရန် သယ်ဆောင်လာစဉ် ဆိုမာလီနိုင်ငံ ဘော့ဆက်ဆိုဆိပ်ကမ်း အရှေ့မြောက်ပိုင်း ခုနစ်ကီလိုမီတာအကွာ၌ အပိုင်စီးခံရကြောင်းအာဏာပိုင်များက ပြောကြားသည်။ ယီမင်နိုင်ငံသို့ သယ်ဆောင်လာသော ဂျပန်ပိုင် ဓာတုပစ္စည်းတင်သင်္ဘောကိုလည်း မေ ၂၁ ရက်က ဆိုမာလီပင်လယ်ဓားပြများ ပစ်ခတ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ ရေနံမြေတွင် လှုပ်ရှားနေသော လက်နက်ကိုင်စစ်သွေးကြွများအား မေ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်မှ ကလေးထက်ဝက်ခန့် ကျောင်းမနေနိုင်ကြောင်း ကုလသမဂ္ဂ ပြောကြား

ကဘူး မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ကလေးထက်ဝက်ခန့်သည် ကျောင်းမနေနိုင်ကြောင်း၊အများစုသည် မိန်းကလေးများဖြစ်ကြောင်း ကုလသမဂ္ဂက တနင်္လာနေ့တွင် ပြောကြားသည်။ တာလီဘန်တို့သည် ၎င်းတို့အာဏာရစဉ် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ မိန်းကလေးများကျောင်းနေခွင့်ကိုပိတ်ပင်ခဲ့သည်။ ယခုအခါတွင် ယခင်ကနှင့် နှိုင်းယှဉ်လျှင် ကျောင်းနေသော ကလေးများ ပိုမိုများလာသည်။ သို့သော် ပြဿနာများမပြေလည်ဘဲ ကျန်ရှိသေးသည်။

အာဖဂန်နစ္စတန်တွင် လွန်ခဲ့သောနှစ်နှစ်ကျော်မှစ၍ ကျောင်းနေသောကလေးများအရေအတွက် တိုးလာသော်လည်းကျောင်းနေအရွယ် ထက်ဝက်ခန့်မှာ ကျောင်းမနေကြရကြောင်း ကုလသမဂ္ဂနိုင်ငံတကာ ကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)မှ ဌာနေ ဒါရိုက်တာ ရှီဂီးရုအာယိုယာဘီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အလုပ်လုပ်နေသော၊ လမ်းမပေါ်ရောက်နေသော၊ ထောင်ကျနေသော၊ မသန်မစွမ်းဖြစ်နေသောကလေးများကို ကျောင်းမနေသောကလေးများတွင် ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ကျောင်းမနေကြရခြင်း၏အဓိကအကြောင်းများတွင် များသောအားဖြင့် မိသားစုကိုကူညီနေရခြင်း၊ ငယ်ရွယ်စဉ်ကတည်းက အိမ်ထောင်ကျခြင်းနှင့် အမျိုးသမီးကျောင်းဆရာမ နည်းပါးခြင်းတို့ဖြစ်ကြောင်း ယူနီဆက်အကြီးအကဲ ကက်သရင်းအမ်ဘင်းဂွဲက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင်ပြုလုပ်သော အမေရိကန်အကြိုအခြေခံသမ္မတရွေးပွဲ၌ ကလင်တန်က အိုဘားမားကိုအနိုင်ရ

ဝါရှင်တန် ဧပြီ ၂၃

ဒီမိုကရက်တစ်ပါတီတွင်း၌ ပြုလုပ်သည့် ပင်ဆယ်လ်ဗေးနီးယားပြည်နယ် အမေရိကန်အကြို အခြေခံသမ္မတလောင်းယှဉ်ပြိုင်ပွဲတွင် နယူးယောက်ဆီနိတ်ကိုယ်စားလှယ် ဟီလာရီကလင်တန် အနိုင်ရသွားပြီဖြစ်ကြောင်း ဧပြီ ၂၂ရက်က ကြေညာသည်။

မဲပေးသူများ၏ မဲ၅၄ရာခိုင်နှုန်းကို ကလင်တန်ကရရှိပြီး ဘာရက် အိုဘားမားက မဲအရေအတွက် ၄၆ရာခိုင်နှုန်းရရှိသည်ဟု ဆိုသည်။ ကလင်တန် အနိုင်ရရှိကြောင်းကို သတင်းဌာနများဖြစ်သော စီအင်အင်၊ ဖောက်နယူးနှင့် အင်ဘီစီတို့ကလည်း ကြေညာသွားသည်။

အမေရိကန်နိုင်ငံ၏အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်သည် အရေးပါသော နေရာမှပါဝင်နေသည်ဟူသော အချက်ကိုယခုဖြစ်ပျက်နေသောအခြေအနေများက ပြသလျက်ရှိသည်။

ကလင်တန်နှင့် အိုဘားမားမှာ ယှဉ်ပြိုင်ဘက်နှစ်ဦး မည်သူအနိုင်ရမည်ဟူသောအချက်ကို ကြိုတင်မှန်းဆနိုင်ရန်အတွက် မဲပေးပွဲမပြုလုပ်မီလူထုသဘောထားကို ကောက်ခံလေ့လာခဲ့သည်။ ထိုလေ့လာချက်အရ ကလင်တန်မှာ အသာရနေကြောင်း သိရသည်။ သို့သော် ၎င်းအသာရသောအနေအထားမှာ ဆယ်ဂဏန်းဖြင့် အသာရခြင်းမျိုး မဟုတ်ဘဲ ခုဂဏန်းဖြင့်သာ အသာရခြင်းမျိုးဖြစ်ကြောင်း လေ့လာချက်က ပြသသည်။

ပင်ဆယ်လ်ဗေးနီးယားနယ်တွင် အသက်အရွယ်ကြီးရင့်သူများ၊ လူဖြူများနှင့် အမျိုးသမီးထုဦးရေ အများအပြားနေထိုင်သည်။ ထိုသူများ၏မဲက ကလင်တန် အနိုင်ရစေရန် အထောက်အကူ ဖြစ်စေသည်ဟု ဆိုသည်။ ယခင်မဲရွေးပွဲ အတွေ့အကြုံများအရလည်းဖော်ပြပါပုဂ္ဂိုလ်များ၏မဲကို ကလင်တန်က အများဆုံး အားကိုးအားထား ပြုရသည်ကို တွေ့ရသည်ဟုဆိုသည်။

ပင်ဆယ်လ်ဗေးနီးယားနယ်တွင် ကလင်တန်အနိုင်ရလိုက်သည့်အတွက် အိမ်ဖြူတော်သို့အရောက် လှမ်းနိုင်ရေးယှဉ်ပြိုင်ကြရာတွင် သူမအတွက် အသက်ရှူပေါက်ရသွားခြင်းပင်ဖြစ်သည်ဟု ဝေဖန်သူများက ပြောကြားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပင်ဆယ်လ်ဗေးနီးယား ပြည်နယ် ဖီလာဒဲလ်ဖီးယားတွင် ပြုလုပ်သည့် အကြိုအခြေခံသမ္မတရွေးပွဲ၌ အနိုင်ရလိုက်သောကလင်တန် အောင်ပွဲခံနေသည်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်နယ်တွင် ရိက္ခာရှားပါးနေသဖြင့်ပြည်သူများအား ဂျုံဖြန့်ဖြူးပေးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်တောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူ ခုနစ်ဦးသေဆုံး

ကဘူးလ် ဧပြီ ၂၃

အာဖဂန်တောင်ပိုင်းဒေသ ဟယ်မန့်တွင် အာဖဂန်တပ်ဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

ဟေဂျီအာမင်ရွာအတွင်းသို့ သောင်းကျန်းသူများထိုးဖောက်ဝင်ရောက်လာစဉ် အာဖဂန် အမျိုးသားတပ်ဖွဲ့များက အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ဝင်များ၏ လေကြောင်းအကူအညီကိုရယူလျက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့များပူးပေါင်းကာ တာလီဘန်သောင်းကျန်းသူများကို အများဆုံးတိုက်ခိုက်နေသည့် ဟယ်မန့်ဒေသသည် သဲကန္တာရနှင့် မြေဆီဩဇာကောင်းမွန်သော ဟယ်မန့်မြစ်ရိုးတစ်လျှောက် နယ်မြေတွင်တည်ရှိသည်။ ထိုဒေသသည် ကမ္ဘာပေါ်တွင် ဘိန်းအများဆုံးထုတ်လုပ်ရာဒေသဖြစ်သည်။

သီးခြားဖြစ်စဉ်အနေဖြင့် တနင်္ဂနွေနေ့က အာဖဂန်တောင်ပိုင်း ဇဘူးလ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ငါးဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။

တာလီဘန်များသည် အာဖဂန်တပ်ဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် လမ်းဘေးဗုံးများကို အမြဲလိုလိုအသုံးပြုလေ့ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နွားရှေ့၌ထိုက်ကျိုကစားခြင်းသည် နွားများ နို့ပိုမိုထွက်ရှိနိုင်ဟုဆို

ပေကျင်း မတ် ၁၈

တရုတ်နိုင်ငံမှ ထိုက်ကျိအားကစားနည်းသည် လူသားများကျန်းမာရေးအတွက် များစွာအကျိုး ဖြစ်ထွန်းနိုင်သည်။ လွန်ခဲ့သည့် ခြောက်လက နွားမွေးမြူရေးလုပ်ကိုင်သည့် ဗြိတိန်နိုင်ငံသားတစ်ဦးသည် ၎င်း၏နွားများ နို့ထွက်များရန်နှင့် စိတ်ပိုင်းဆိုင်ရာ အနားစေရရန်အတွက် နွားများကို လွှတ်ကျောင်းထားချိန်တွင် ထိုက်ကျိလေ့ကျင့်ခန်းကိုနွားများရှေ့၌ လုပ်ဆောင်ခဲ့ကြောင်း ယူကေသတင်းဌာနက ထုတ်ပြန်သည်။

နွားများနို့ထွက်များပြီးစိတ်ရွှင်လန်းစေရန် နံနက်တိုင်း ၎င်း၏ နွားအကောင် ၁၀၀ ရှေ့တွင် ရိုတာဗာနာသည် ထိုက်ကျိအားကစားနည်းကို လေ့ကျင့်ခဲ့သည်။

ထိုက်ကျိလေ့ကျင့်ခန်းသည်စိတ်ရှုပ်ထွေးမှုများကို ပြေပျောက်စေပြီး မိမိလုပ်ငန်းခွင်နွားများဆီသို့ စိတ်များစူးစိုက်ထားရန် အကောင်းဆုံးအားကစားနည်းဖြစ်ကြောင်း အသက် ၄၄နှစ်ရှိ လယ်သမားရိုတာဗာနာက ပြောကြားသည်။

နွားများသည်လူတို့လှုပ်ရှားမှုများကို အလွယ်တကူနားလည် လက်ခံနိုင်သည့်သတ္တဝါဖြစ်သကဲ့သို့ အနားယူခြင်း၊ တည်ငြိမ်အေးဆေးခြင်းနှင့် ပျော်ရွှင်ခြင်းစသည့်ခံစားမှုမျိုးများကိုလည်း ခံစားနိုင်ကြောင်း ဗာနာက ဆက်လက်ပြောကြားသည်။

ပျော်ရွှင်မှုရှိသည့်နွားသည် နို့ထွက်များသည်ဟူသောအချက်ကိုမည်သည့်နွားမွေးမြူရေးလုပ်ငန်းရှင်မဆိုလက်ခံထားကြောင်း မွေးမြူရေးသမားရိုတာဗာနာက ပြောကြားသည်။ ***အင်တာနက်။***

ဆိုမာလီတွင် တိုက်ပွဲဖြစ်ပွား၊ အနည်းဆုံး ၂၀သေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၂၂

လအတန်ကြာ ငြိမ်သက်နေခဲ့ရာမှ ဧပြီ ၂၀ ရက်တွင် ဆိုမာလီသောင်းကျန်းသူများနှင့် အီသီယိုးပီးယားတပ်ဖွဲ့များအကြား စိန်ပြောင်းဖြင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားရာ အနည်းဆုံး ၂၀ သေဆုံးရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ပွဲမှာ မိုဂါဒစ်ရှူးမြို့ဒေသတွင် ပြင်းပြင်းထန်ထန်ဖြစ်ပွားသည်။ နှစ်ဖက်တပ်ဖွဲ့များသည် တပ်ကူများခေါ်ပြီးနောက် တနင်္ဂနွေနေ့စောစောပိုင်းတွင် ပြင်းထန်စွာတိုက်ခိုက်ကြသည်။ အထူးသဖြင့် တိုက်ပွဲသည် အက်စ်အိုအက်စ်ဆေးရုံတစ်ဝိုက်တွင် ပြင်းထန်ကြောင်းသိရသည်။

စိန်ပြောင်းကျည်တစ်လုံးသည် ဆေးရုံအနောက်ပိုင်းရှိ အိမ်တစ်လုံးပေါ်သို့ကျရောက်ပေါက်ကွဲရာ ထိုအိမ်ရှိ သက်ကြီးပိုင်း အမျိုးသားတစ်ဦး သေဆုံးသွားပြီး ဇနီးနှင့်ကလေးသုံးဦးမှာ ဒဏ်ရာရရှိသွား သည်ဟု အမည်မဖော်လိုသူ ဆေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

တိုက်ပွဲအတွင်း ဒဏ်ရာရရှိသူအများအပြားကို ဒေသရှိဆေးရုံများ၌ ဆေးဝါးကုသပေးနေရသည်။ သေဆုံးသူများတွင် လက်နက်ကိုင်ခုနစ်ဦးနှင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်ကြောင်း ဒေသခံများကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဆာရောင်ခြည်ကိရိယာကိုင်ဆောင်ခွင့် ဩစတြေးလျ၌ တားမြစ်ချက်ထုတ်ပြန်

ဆစ်ဒနီ ဧပြီ ၂၂

ဩစတြေးလျနိုင်ငံတွင် လေဆာရောင်ခြည်ကိရိယာကြောင့် လေယာဉ်မှူးများ မျက်လုံးအမြင် ယာယီကွယ်ခဲ့မှုများ ဖြစ်ပွားရသည့်အတွက် နယူးဆောက်သ်ဝေး ပြည်နယ်တွင် လေဆာကိရိယာများ ကိုင်ဆောင်သုံးစွဲမှုကိုတားမြစ်ချက် ထုတ်ပြန်ထားသည်ဟု အစိုးရဌာနက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

နယူးဆောက်သ်ဝေး ပြည်နယ်တွင် နက္ခတ္တပညာရှင်များ သုံးစွဲသည့် စတားလေဆာအချက်ပြ ပစ္စည်းအပါအဝင် စွမ်းအားမြင့်လက်ကိုင်လေဆာကိရိယာများ သုံးစွဲခွင့်ကို ပိတ်ပင်တားမြစ်ချက် ထုတ်ပြန်ခဲ့သည်။ ခွင့်ပြုချက်မရှိဘဲ ထိုပစ္စည်းများကို လက်ဝယ်ကိုင်ဆောင်သူမည်သူ့ကိုမဆို ထောင်ဒဏ် ၁၄ နှစ်အထိ ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။ ထိုပစ္စည်းများကို သုံးစွဲခြင်းသည် စက်ဆုပ်ဖွယ်ကောင်းပြီး ကြောက်မက်ဖွယ်ကောင်းသည့် ရလဒ်များဖြစ်ပေါ်ကြောင်း၊ လေယာဉ်မှူးတစ်ဦးလည်း ယာယီမျက်လုံးကွယ်ခဲ့သည့်အတွက် တားမြစ်မိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟုပြည်နယ်ဝန်ကြီးချုပ် မိုရစ်အိုင်မာက ပြောကြားခဲ့သည်။ လေဆာစိတ္တဇဟူသော ရေးသားချက်ပါသည့် စာရွက်စာတမ်းများကို သိမ်းဆည်းရရှိရေးအတွက်လည်း ရဲတပ်ဖွဲ့သည် မကြာသေးမီက ထောက်လှမ်းရေးအဖွဲ့၏ အကူအညီယူခဲ့သည်။ လေယာဉ်များ အဆင်းအတက်ပြုလုပ်စဉ်တွင် လေယာဉ်မောင်းခန်းအတွင်း အင်အားပြင်းသောလေဆာရောင်ခြည်ဖြင့် အထိုးခံရသည့် အဖြစ်များနှင့် ကြုံရကြောင်း လေယာဉ်မှူးများက မကြာမီကပင်အစီရင်ခံစာတွင် တင်ပြထားသည်။

ဆစ်ဒနီမြို့တောင်ပိုင်း၌ ရက်သတ္တပတ်ကုန်က လူနာတင်ရဟတ်ယာဉ်တစ်စင်းသည် အစိမ်းရောင်ရောင်ခြည်တန်းနှင့် အထိုးခံရသည့် အဖြစ်နှင့် ကြုံရသည်ဟုဆိုသည်။

ရောင်ခြည်တန်းထွက်သောလေဆာကိရိယာများကိုဗဟိုအစိုးရက ယခုလအစောပိုင်း၌ အမျိုးသားသွင်းကုန်များထိန်းချုပ်ရေးစီမံချက်အရ တားမြစ်ချက် ထုတ်ပြန်သွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ပြသထားသော ရွှေသားအတိဖြင့် ပြုလုပ်ထားသည့် မစ်ကီးမောက်ကာတွန်းရုပ်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ကုလသမဂ္ဂဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရ

ဂျမ်ရတ်(ပါကစ္စတန်) ဧပြီ ၂၂

အာဖဂန်နစ္စတန်နယ်စပ်အနီးရှိ ပါကစ္စတန်ဒေသတစ်ခုတွင် ကုလသမဂ္ဂ ဝန်ထမ်းနှစ်ဦး ခရီးထွက်လာစဉ် ဧပြီ၂၁ ရက်တွင် သေနတ်သမားများက ပြန်ပေးဆွဲခဲ့ကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူက ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အတွက် ကုလသမဂ္ဂဝန်ထမ်းနှစ်ဦးသည် အာဖဂန်နယ်စပ်အနီးရှိ နိုင်ဘာဒေသသို့ ခရီးထွက်လာစဉ် ပြန်ပေးဆွဲခံရသည်။ ယင်းဒေသတွင် ဖေဖော်ဝါရီလအတွင်းက အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ပြန်ပေးဆွဲခံရသည်။

ရှာဖွေလျက်ရှိ

ပြန်ပေးဆွဲခံရသူနှစ်ဦးမှာ ပါကစ္စတန်နိုင်ငံသားများဖြစ်ပြီး ၎င်းတို့နှင့်အတူ အစောင့်တစ်ဦးပါ အဖမ်းခံရကြောင်း၊ အဖမ်းခံရသူ သုံးဦးနှင့် ပြန်ပေးဆွဲသမားများကို ရဲတပ်ဖွဲ့ကရှာဖွေလျက်ရှိကြောင်း ယင်းဒေသရှိ တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ပြည်သူ့နှလုံးသား

ပျော်သလားဟေ့ မောင်တို့ရေ
ပျော်တယ်လေ့ ပျော်တယ်ဟေ။
ပျော်သလားဟေ့ မယ်တို့ရေ
ပျော်တယ်လေ့ ပျော်တယ်ဟေ။
ပြည့်အကျိုးသယ်ပိုးနေ
ပြည်သူတွေအလေးထား။
ထောက်ခံကာ အတည်ပြုမယ့်
ပြည်သူ့နှလုံးသား။ ။

မြတ်သူမောင်

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။
(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆို မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဧပြီ ၂၃

၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိမြို့နယ်အသီးသီး၌ မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများကို သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးမြေစိုက်ပိုစတာများကို လမ်းမတော်မြို့နယ် ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးရှေ့ သတ်မှတ်နေရာ၌လည်းကောင်း၊ ဆိပ်ကမ်းမြို့နယ် မော်တင်လမ်းရှိ သတ်မှတ်နေရာ၌လည်းကောင်း၊ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်ရှိ သတ်မှတ်နေရာ၌ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

အခြေခံဥပဒေအတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။